## ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် "ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ တစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု ဒုတိယအကြိမ် အစီရင်ခံစာ"

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ သတင်းမီဒီယာများနှင့် လွှတ်တော် အရာထမ်း၊ အမှုထမ်းအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်ကတော့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝဏ္ဏ ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီရဲ့ (၂၀၁၇-၂၀၁၈) ခုနှစ်၊ နှစ်ပတ်လည် အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို တတိယအကြိမ် ပုံမှန် အစည်းအဝေး (ဒုတိယနေ့) ၂၀၁၆ခုနှစ်၊ ဩဂုတ်လ၁၀ရက်နေ့က အဖွဲ့ဝင်(၉)ဦးတို့ဖြင့် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ယခုအခါ ကော်မတီဝင်(၁၀)ဦးဖြင့် တာဝန်များ ထမ်းဆောင်နေပါတယ်။

(၃၀.၇.၂၀၁၈)တွင် ကျင်းပသော (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင် ကော်မတီမှ တပ်မတော်သားကိုယ်စားလှယ်တစ်ဦး နှုတ်ထွက်မှုကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် တစ်ဦး ပြန်လည်အစားထိုးပြီး ဖြစ်ပါတယ်။

ကော်မတီ၏ နောက်ဆုံးနှစ်ပတ်လည်အစီရင်ခံစာကို ဆဋ္ဌမအကြိမ်ပုံမှန် အစည်းအဝေး (အဋ္ဌမနေ့)၊ ၂၀၁၇ခုနှစ်၊ မတ်လ၁၇ရက်နေ့မှာ တင်သွင်းထားပြီး ဖြစ်တဲ့အတွက်ကြောင့် ၎င်းကနေပြီးတော့ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ(၁၀) ရက်နေ့အတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေအား တင်ပြအစီရင် ခံသွားမှာ ဖြစ်ပါတယ်။

တင်ပြပါအချိန်အတွင်း ကော်မတီအစည်းအဝေး (၁၅)ကြိမ် ပြုလုပ်နိုင်ခဲ့ပြီးတော့ အထူး အစည်းအဝေးများအနေနဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းတာဝန်ခံနှင့် တစ်ကြိမ်၊ ပုဂ္ဂလိက

မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲရေး နည်းဥပဒေနှင့်စပ်လျဉ်း၍ ချင်းတွင်းတစ်ကြောမှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၊ ဥပဒေပြုရေးကော်မတီမှ ကိုယ်စားလှယ်များနှင့် တစ်ကြိမ် ဆွေးနွေးနိုင်ခဲ့ပါတယ်။

ပို့ဆောင်ရေးကိစ္စတိုင်ကြားမှုများအား စုံစမ်းစစ်ဆေးအရေးယူမှုအနေနဲ့ ဆင်ဖြူရှင်တံတား ဖြတ်သန်းခကောက်ခံရာတွင် စည်းကမ်းပျက်မှုအပေါ် (၈.၁၀.၂၀၁၇)က ကွင်းဆင်းစစ်ဆေးခဲ့ပြီး အရေးယူနိုင်ခဲ့ပါတယ်။ လွှတ်တော်သို့လည်း သီးခြားအစီရင်ခံစာဖြင့် တင်ပြပြီးဖြစ်ပါတယ်။ (၈.၁၂.၂၀၁၇) ရက်နေ့မှာ လွှတ်တော်ဥက္ကဋ္ဌကြီးလိုက်ပါပြီးတော့ ဆင်ဖြူရှင်တံတားအား ထပ်မံ သွားရောက် စစ်ဆေးနိုင်ခဲ့ပါတယ်။

ဦးမျိုးဝင်းလေး၏ သဘော်ကျင်းကိစ္စကို (၆.၁.၂၀၁၈) တွင် ကွင်းဆင်းကြည့်ရှုပြီးတော့ (၁၂.၁.၂၀၁၈) နေ့မှာ သက်ဆိုင်ရာဌာနများအား ခေါ်ယူကြားနာဖြေရှင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။

(၂၃.၁.၂၀၁၈)တွင် ကနီမြို့နယ်ထွေအုပ်ရုံး၊ ဦးစီးအရာရှိနေအိမ် ဆောက်လုပ် နေမှုကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(မုံရွာ)မှ အင်ဂျင်နီယာများ အကူအညီနဲ့ ကွင်းဆင်းကြည့်ရှု စစ်ဆေးပေးနိုင်ခဲ့ပါတယ်။

(၂၀.၂.၂၀၁၈)မှာ ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်က အတည်ပြု ပြဋ္ဌာန်းလိုက်တဲ့ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေရဲ့ အကျိုးအပြစ်များမှ ထွက်ရှိလာတဲ့ နည်းဥပဒေအပေါ်မှာ ဖြည့်စွက်နိုင်ဖို့အတွက် ခန္တီးမြို့မှ မုံရွာမြို့အထိ စုံစမ်းရေး ခရီးစဉ်ကိုလည်းကောင်း၊ လေရှီးမြို့၊ နန်းယွန်းမြို့များသို့ (၂)ဖွဲ့ခွဲ၍ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေး ဆိုင်ရာများ လေ့လာပေးရန် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဦးစီးအဖွဲ့က ဖိတ်ကြားမှု အပေါ် သွားရောက်လေ့လာနိုင်ခဲ့ပါတယ်။ ခရီးစဉ်အစီရင်ခံစာကို လွှတ်တော်သို့ တင်ပြအစီရင်ခံပြီး ဖြစ်ပါတယ်။

ဆောက်လုပ်ရေးကိစ္စနှင့်ပတ်သက်၍ ခင်ဦးမြို့နယ်၊ တာတိုင်ကျေးရွာ မူလတန်း ကျောင်းဆောင်သစ် (၆၀'×၃၀')အဆောက်အဦ နှင့်ပတ်သက်ပြီးတော့ (၂.၆.၂၀၁၈)ရက်နေ့မှာ ကွင်းဆင်းစစ်ဆေးပြီးတော့ သက်ဆိုင်ရာကုမ္ပဏီအား အရေးယူနိုင်ခဲ့ပါတယ်။ သီးခြား အစီရင်ခံစာ လည်း လွှတ်တော်ကို တင်ပြပြီး ဖြစ်ပါတယ်။

ကော်မတီအနေဖြင့် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၈)ရက်မြောက်နေ့မှာ ရေကြောင်းညွှန်ကြားမှုဦးစီးဌာနမှ တင်ပြထားသော ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးနည်းဥပဒေပြင်ဆင်ချက်အဆိုကိုတင်ပြခဲ့ပြီး (၁၄.၈.၂၀၁၈) ရက်နေ့မှာ လွှတ်တော်က အတည်ပြုခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာကော်မတီသည် စစ်ကိုင်းတိုင်းဒေသကြီး၏ ပို့ဆောင်ရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍတို့နှင့် သက်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများကို လေ့လာခြင်း၊ ဆွေးနွေးခြင်းများအပြင် ကဏ္ဍအလိုက် လိုအပ်ချက်များ၊ ပြဿနာများကို ဖြေရှင်းဆောင်ရွက်ရင်းဖြင့် ပြည်သူများအကျိုးစီးပွားကို အကောင်ထည်ဖော်ဆောင်ရွက်လျက်ရှိပြီး လွှတ်တော်မှ ပေးအပ်သော တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်း အစီရင်ခံရင်းဖြင့် ယခုတင်ပြသော၂၀၁၇-၂၀၁၈အတွက် နှစ်ပတ်လည်အစီရင်ခံစာအား လွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် လေးစားစွာတင်ပြအစီရင်ခံအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဦးဝဏ္ဏ(ဥက္ကဋ္ဌ)**
**ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်**
**ဆောက်လုပ်ရေးဆိုင်ရာကော်မတီ**